# နောက်ဆုံးပေါ် ရေပေါ်ရုပ်ပြေးယဉ်

**စာရေးသူ.....သက်တန့်ချို**










Marion Hyper-Sub ဆိုတာ ရေပေါ်မှာ တစ်ဂက်တစ်ပျက် နစ်မြုပ်ပြီး အလွန် မြန်တဲ့ powerboat အမျိုးအစားပဲ ဖြစ်ပါတယ် ။ ဒီရုပ်ပြေးယဉ်ဟာ ပြောင်းလဲလာတဲ့ နည်းပညာတွေအရ အသစ်တီထွင် ထုတ်လုပ်လိုက်တဲ့ ပြုပြင် ပြောင်းလဲလွယ်တဲ့ ဒီဇိုင်းလည်း ဖြစ်ပါတယ် ။ ဒီ powerboat ဟာ ရေမျက်နှာပြင်ပေါ်မှာ ထင်မှတ်မ ထားလောက်အောင် အမြန်နှုန်းနဲ့ ခုတ်မောင်းနိုင်ပါတယ် ။ Hyper-Sub ဟာ ပထမဆုံးသော အသေးငယ်ဆုံး မြင်းကောင်ရေနဲ့ ခုတ်မောင်းတဲ့ ယဉ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ အထူးသဖြင့် ပင်လယ်နက်တွေထဲမှာ ခုတ်မောင်းနိုင်အောင် ဒီဇိုင်းထွင်ထားပြီး ဓါတ်အားသွင်းစနစ် ၊ အလိုအလျောက်ထိမ်းချုပ်စနစ် ၊ ရေထုဆန့် ကျင်အား စနစ်တွေနဲ့ ပြုလုပ်ဖန်တီးထားပါတယ် ။ ဒီရုပ်ပြေးယဉ်ရဲ့ ဒီဇိုင်းတစ်ခုထဲကိုပဲ နှစ်ပေါင်း ၃၁ နှစ်ကြာ အောင် တီထွင်ကြံဆခဲ့ရပါတယ် ။

## ကြီးမားတဲ့ Truck ကားကြီးတွေ

အလွန်ကိုကြီးမားတဲ့ ထရပ်ကားကြီးတွေဖြစ်ပါတယ် ။ အရင်ကတော့ ဒီလောက်ကြီးတဲ့ ထရပ်ကားကို မမြင်ဖူးပါဘူး ။ လူအရပ်နဲ့ ယှဉ်ပြထားတာကိုကြည့်ရင် ဘယ်လောက်ထိကြီးမှန်း သိသာနိုင်ပါတယ် ။ အော် .. အရပ်ပုတဲ့ သူတွေအတွက်တော့ ဒွတ်ခ ။ ဘယ်တတ်နိုင်မလဲလေ ... ခံရပြီး တက်ကြပေါ့ ဟီး ။













**ထူးဆန်းသော စက်ဘီး ပုံသဏ္ဍာန်**





ဒီ Forkless- Cruiser စက်ဘီးကို Olli Erkkila က တီထွင်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ် ။ သူက သူ့ရဲ့ Graduation project ကို Finland မှာရှိတဲ့ Institute of Design in Lahti မှာ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ် ။ စိတ်ကူးထဲကနေ တစ်ခေါက်လောက်စီးကြည့်လိုက်ပါ ။ ဖောက်မပါတဲ့ စက်ဘီးဆိုတော့ ထူးဆန်းတဲ့ အတွေ့အကြုံကို ပေးမှာ အမှန်ပါပဲ ။